Shan Women's Action Network

၂၀၁၈ ခုနှစ် အောက်တိုဘာလ ၁၀ ရက်

## ရှမ်းပြည်နယ်အတွင်း ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ လူ့အခွင့်အရေး၊ တရားဥပဒေစိုးမိုးရေး ပျက်သုဉ်းဆုတ်ယုတ်နေခြင်းနှင့် ပတ်သက်၍ ရှမ်းပြည်နယ်မှ တိုင်းရင်းသူအဖွဲ့အစည်းများ၏ သဘောထားထုတ်ပြန်ချက်

ရှမ်းပြည်နယ်နှင့် မြန်မာနိုင်ငံတဝှမ်းလုံးတွင် ဖြစ်ပွားနေသော မြန်မာ့တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများအကြားနှင့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ အချင်းချင်း အကြား ပစ်ခတ်တိုက်ခိုက်မှုများနှင့် ယင်းပဋိပက္ခများ၏ အကျိုးဆက်များဖြစ်သော အိုးအိမ်စွန့်ခွာ စစ်ပြေးရှောင်နေရသူများ တိုးများလာခြင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုများ ကျူးလွန်နေကြခြင်း၊ တရားဥပဒေစိုးမိုးမှု ကင်းမဲ့နေခြင်း၊ လူမှုကွန်ယက်များမှတဆင့် လူမျိုးရေးမုန်းတီးမှုများ၊ လူမှုအသိုင်းအဝိုင်းများအကြား ပဋိကွများ ဖြစ်ပေါ်လာစေရန် ဖန်တီးနေခြင်းများအတွက် အထူးစိုးရိမ်ပူပန်ကြောင်းနှင့် ထိုကဲ့သို့သော လုပ်ရပ်များတွင် ပါဝင်ပတ်သက်နေသူများအားလုံးကို အပြင်းအထန်ရှုတ်ချကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

- ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့်နှင့် တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် NCA စသည်တို့ ကို လက်မှတ်ရေးထိုးထားကြသော်လည်း မြန်မာ့တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း များအကြား ပစ်ခတ်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေမှုများ၊
- ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် NCA လက်မှတ်ထိုးပြီးမကြာမီအချိန်မှစ၍ ယနေ့ထိ ဆက်လက်ဖြစ်ပွားနေသော RCSS နှင့် TNLA တို့အကြား လက်နက်ကိုင် ပဋိပက္ခများ၊
- လွန်ခဲ့သည့် ဇူလိုင်လမှ စခဲ့သည့် RCSS နှင့် မြောက်ပိုင်းမဟာမိတ်တို့အကြား စစ်ရေးတင်းမာမှုမှတဆင့် ဩဂုတ်လနှင့် စက်တင်ဘာလဆန်းပိုင်းများတွင် ဖြစ်ပွားခဲ့သည့် ပစ်ခတ်တိုက်ခိုက်များ၊
- ရှမ်းတပ်များအချင်းချင်းဖြစ်ကြသော RCSS နှင့် SSPP တို့အကြား ဆက်ဆံရေးတင်းမာနေမှုများ၊
- တရားဥပဒေစိုးမိုးရေးဆိုင်ရာ တာဝန်ရှိသူများက ဥပဒေအရ ကာကွယ်စောင့်ရှောက်ရန်ပျက်ကွက်သည့်အပြင် ကျူးလွန်နေသူများအား မျက်ကွယ်ပြု ဆက်လက်ကျူးလွန်ခွင့်ပြုနေခြင်း စသည့် အခြေအနေအရပ်တို့၏ အကျိုးဆက်များကို ရှမ်းပြည်နယ်အတွင်းရှိ ပြည်သူလူထုတို့မှ ရင်ဆိုင်ကြုံတွေ့နေကြရသည်။

အကျိုးဆက်အနေဖြင့်

- ပြည်သူလူထု ထောင်၊ သောင်းပေါင်းများစွာ အိုးအိမ်စွန့်ခွာ၍ စစ်ပြေးရှောင်နေကြရခြင်း၊
- လက်နက်ကိုင်အဖွဲ့တို့မှ နည်းလမ်းအမျိုးမျိုးသုံး၍ အတင်းအဓမ္မ စစ်အင်အား စုဆောင်းခြင်းများ၊
- အရပ်သားပြည်သူလူထုများအား အကြောင်းမဲ့ဖြစ်စေ၊ အကြောင်းအမျိုးမျိုးဖြင့်ဖြစ်စေ ဖမ်းဆီးချုပ်နှောင်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းများ၊ သတ်ဖြတ်ခြင်းများ၊ အစအနပျောက်ခြင်းများ၊ သွားလာမှု ပိတ်ဆို့ခြင်းများ၊
- နေအိမ်များအတွင်းသို့ အတင်အကြပ် ဝင်ရောက်ရှာဖွေခြင်း၊ ပစ္စည်းများ ဖျက်ဆီးခြင်း၊ မီးရှို့ခြင်း၊ အိမ်ရှင်များကို ရိုက်နက်ခြင်းများ စသည့် လူ့အခွင့်အရေးချိုးဖောက်မှုများအပြင်
- အမျိုးသမီးနှင့် မိန်းကလေးငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ ကြမ်းဖက်မှုများ အပါအဝင် အကြမ်းဖက်မှုမျိုးစုံနှင့် ရင်ဆိုင်နေရခြင်းများ၊
- လူမျိုးရေးမုန်းတီးမှုများ၊ လူမှုအသိုင်းအဝိုင်းများအကြား ပဋိကွများဖြစ်ပေါ်လာစေရန် သွေးထိုးလှုံ့ဆော်မှုများ ဖြစ်ပွားလျက်ရှိသည်။

နောက်ဆုံး အောက်တိုဘာလ ၅ ရက်နေ့ ညနေ ၆ နာရီ ခွဲခန့်တွင် ဒေသခံပြည်သူလူထုများ ကိုးကွယ်အားထား သည့် ရှမ်းပြည်မြောက်ပိုင်း၊ ကျောက်မဲမြို့ရှိ ရွှေကျင်ကျောင်းတိုက် ကျောင်းထိုင်ဆရာတော် ဦးကလျာဏဝံသအား အမည်မသိ သေနတ်သမား ၂ ဦးက ကျောင်းတွင်း ဝင်ရောက်သတ်ဖြတ်ခြင်းသည် ရှမ်းပြည်အတွင်း တရားဥပဒေစိုးမိုးရေး လုံးဝ ကင်းမဲ့နေကြောင်းကို သက်သေ အခိုင်အမာပြနေသည်။

ယခုအခါတွင် ရှမ်းပြည်နယ်ရှိ တိုင်းရင်းသားလူမျိုးစုများအကြား၊ လူမှုအဖွဲ့အစည်းများအကြား၊ လူ့အခွင့်အရေး အဖွဲ့ အစည်းများအကြား၊ ခံယူချက်နှင့် ရပ်တည်ချက်များကွဲပြားကြသည့် ပါတီများအကြား၊ NCA လက်မှတ်ရေးထိုးထား သည့်အဖွဲ့နှင့် လက်မှတ်မထိုးရသေးသည့်အဖွဲ့များအကြား တင်းမာမှုများ၊ သဘောထားကွဲလွဲမှုများ၊ တင်းမာမှုများ ပိုမို ကြီးမားလာစေရန် သွေးထိုးလှုံ့ဆော်ခြင်းများကို လူမှုရေးကွန်ယက် စာမျက်နှာ များမှတဆင့် ဖန်တီးနေသည်။ လူမျိုးရေး မုန်းတီးရေးစာများဖြန့်ခြင်း၊ တိုင်းရင်းသားလူမျိုးများအတွင်း အပြစ်တင်ဝေဖန်ခြင်းများ၊ အမျိုးသမီးများ၊ လူငယ်များ အကြား အထင်လွဲ၊ အမြင်လွဲမှုများ၊ စိတ်ဝမ်းကွဲမှုများ ဖြစ်ပေါ်လာစေရန် ဆက်တိုက် ဖန်တီးလျက်ရှိသည်။

အမှန်မှာ ရှမ်းပြည်နယ်အတွင်းနှင့် မြန်မာနိုင်ငံတဝှမ်းလုံးရှိ လက်နက်ကိုင် အဖွဲ့အစည်းများအားလုံးသည် မိမိတို့နှင့် သက်ဆိုင်သည့် အရပ်သားပြည်သူလူထုတို့၏ အသက်၊ လွတ်လပ်မှုနှင့် ပိုင်ဆိုင်မှုများကို အကာအကွယ်ပေးရန် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများဖြစ်သည်ဟု မိမိတို့နားလည်ထားသည်။ သို့သော် ယခု ရှမ်းပြည်နယ် နှင့် နိုင်ငံတဝှမ်းလုံးတွင် ဖြစ်ပွားနေသော အသက်၊ လွတ်လပ်မှုနှင့် ပိုင်ဆိုင်မှုများ ဆုံးရှုံးနေကြရခြင်း၊ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ရင်ဆိုင်နေကြရခြင်း၊ တရားဥပဒေစိုးမိုးမှုကင်းမဲ့နေခြင်းတို့သည် ထိုအဖွဲ့အစည်းများ၏ လုပ်ရပ်များ နှင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်သော်လည်းကောင်း သက်ဆိုင်နေသည့်အတွက် မိမိတို့မှ များစွာ စိတ်မကောင်းဖြစ်ရပါသည်။

ထို့ကြောင့် လက်နက်ကိုင်ပဋိပက္ခများ အမြန်ချုပ်ငြိမ်း၍ ပြည်သူလူထုတို့၏ လုံခြုံဘေးကင်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ သာယာဝပြောရေးတို့အတွက် အထက်ဖေါ်ပြပါ ပဋိပက္ခများတွင် ပါဝင်ပတ်သက်နေသူများအားလုံး ထိုလုပ်ရပ်များကို ရပ်တန့်ရန် အထူးလိုအပ်ပါသည်။ သို့မှသာ မိမိတို့အားလုံး၏ ဘုံရည်မှန်းချက်ပန်းတိုင်ဖြစ်သော တိုင်းရင်းသား တန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်တို့ကို အာမခံသည့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်နိုင်ရေး အတွက် လက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများအကြား အပြန်အလှန် လေးစား နားလည်မှုတို့ဖြင့် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း တိုက်တွန်း နိုးဆော်လိုက်ရပါသည်။

MEDIA CONTACT:

| | | | |
|---|---|---|---|
| ၁။ နန်းဇင်နွယ် | - PWU | Executive Director | (+95) 09-449-329-580 |
| ၂။ နန်းဟိန်း | - SWAN | Director | (+66) 081-992-8683 |
| ၃။ လွေးကုကု | - TWO | Joint General Secretary (2) | (+95) 097-306-3017 |

**ရှမ်းပြည်နယ်မှ တိုင်းရင်းသူ အမျိုးသမီး အဖွဲ့အစည်းများ**

- လားဟူအမျိုးသမီး အဖွဲ့အစည်း (LWO)
- ပအိုဝ်းအမျိုးသမီး သမဂ္ဂ (PWU)
- ရှမ်းအမျိုးသမီးရေးရာဆက်သွယ်လှုပ်ရှားဆောင်ရွက်ရေးအသင်း (SWAN)
- တအာင်း အမျိုးသမီး အဖွဲ့အစည်း (TWO)

မိမိတို့သည် အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ) ၏ အဖွဲ့ဝင် အဖွဲ့အစည်းများဖြစ်ကြပြီး အမျိုးသမီးနှင့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး၊ အကြမ်းဖက်မှုဆန့်ကျင်ရေး၊ ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးတို့အတွက် ဆောင်ရွက်နေသည့် ရှမ်းပြည်မှ တိုင်းရင်းသူ အမျိုးသမီးအဖွဲ့အစည်းများဖြစ်သည်။

လားဟူအမျိုးသမီးအဖွဲ့အစည်းကို၁၉၉၇ ခုနှစ် အောက်တိုဘာလ (၃၀) ရက်နေ့တွင် ထိုင်း-မြန်မာနယ်စပ် တနေရာ၌ အဖွဲ့ဝင် (၉) ဦးဖြင့် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ ပြီး ရန်မှန်းချက်မှာ လားဟူအမျိုးသမီးထုသည် ဘက်ပေါင်းစုံ ဦးဆောင်မှု အခန်းကဏ္ဍတွင် ပိုမို ပါဝင်လာစေရန်ဖြစ်သည်။ ရည်ရွယ်ချက်များမှာ-

၁။ မိမိတို့၏ ရိုးရာ ဓလေ့ထုံးတမ်းနှင့် ယဉ်ကျေးမှုကို ထိန်းသိမ်းသွားရန်
၂။ လားဟူအမျိုးသမီးများ၊ လူငယ်များနှင့် ကလေးငယ်များကို မိမိတို့စာပေကို ရေးတတ်၊ ဖတ်တတ်လာစေရန်
၃။ လားဟူတိုင်းရင်းသားများလိုအပ်နေသော ကျန်းမာရေးစောင့်ရှောက်မှုများအား တတ်နိုင်သည့်ဘက်မှ ထောက်ပံ့ရန်
၄။ အမျိုးသမီးနှင့် အမျိုးသားအကြား ခွဲခြားဆက်ဆံမှုများ လျော့နည်းလာစေရန်
၅။ အခြားသော တိုင်းရင်းသူ အမျိုးသမီးများကဲ့သို့ ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်လာရန်
၆။ မြန်မာနိုင်ငံ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် အခြား တိုင်းရင်းသူအမျိုးသမီးအဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ရန်။

ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ရွှေ့ပြောင်းအလုပ်သမားဖြစ်သူ နန်းအိမ်မှ မြန်မာနိုင်ငံရှိ တိုင်းရင်းသူများအား ကူညီပေးနေသည့် အခြားအဖွဲ့အစည်းများနှင့် ထိတွေ့လေ့လာပြီးနောက် ထိတွေ့ လေ့လာပြီးနောက် ပအိုဝ်းအမျိုးသမီးတို့မှာလည်း စွမ်းရည်မြှင့် တင်ခြင်းများ၊ အခြားကွန်ယက်အဖွဲ့များနှင့် ဆက်စပ်ဆောင်ရွက်ရန် အခွင့်အလမ်းများ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအပိုင်းတို့တွင် ပါဝင်ရာတွင် အမျိုးသားများနှင့် တန်းတူအခွင့်အလမ်းရရှိခြင်းတို့ လိုအပ်နေသည်ကို မြင်မိသောကြောင့် ပအိုဝ်းအမျိုးသမီးသမဂ္ဂ ကို ၁၉၉၉ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည်။ ပအိုဝ်းအမျိုးသမီးများ အမျိုးသားများနှင့်အတူ ခေါင်းဆောင်မှုအပိုင်းတွင် ပါဝင်လာရေးနှင့် လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်လာရေးကို ရှေ့ရှု၍ PWU မှ အလုပ်သင်လုပ်ငန်းများ၊ စွမ်းရည်ဖွံ့ဖြိုးရေး သင်တန်း ကျောင်းများနှင့် ပအိုဝ်းတိုင်းရင်းသားဒေသများတွင် ငြိမ်းချမ်းရေး တည်ဆောက်ရေးဆိုင်ရာ သင်တန်းများ၊ ဆွေးနွေးပွဲများနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ ရပ်တန့်ရေး လှုပ်ရှားမှုများကို စီစဉ် ဆောင်ရွက်လျက်ရှိသည်။

တအာင်းအမျိုးသမီးအဖွဲ့အစည်းသည် တအောင်းအမျိုးသမီးများ အခန်းကဏ္ဍအသီးသီးတိုင်းတွင် ပါဝင်လာစေရန်အတွက် ရည်ရွယ်ပြီး ၂၀၀၀ ခုနှစ် အောက်တိုဘာလ ၁၄ ရက်နေ့တွင် စတင်တည်ထောင်ခဲ့ပါသည်။ အမျိုးသမီးများသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ခေါင်းဆောင်မှုပိုင်းဆိုင်ရာနှင့် အခြားသော လူ့အခွင့်အရေးများစသည်တို့တွင် အဘက်ဘက်မှ နှိမ်ကျနေပြီး နည်းမျိုးစုံဖြင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများကို ဆက်လက်ရင်ဆိုင်နေရဆဲဖြစ်ပါသည်။ ထို့ကြောင့် တအာင်းအမျိုးသမီးများအဖွဲ့အစည်းသည် တအာင်းအမျိုးသမီးများ မိမိကိုယ်ကို ယုံကြည်မှုရှိပြီး ကိုယ်ပိုင်ဆုံးဖြတ်ချက်ခိုင်မာစွာ ချမှတ်နိုင်ရေး၊ ဦးဆောင်မှုအပိုင်းတွင် အမျိုးသမီးခေါင်းဆောင်များ ပေါ်ထွန်းလာစေရေး၊ ကျား-မတန်းတူရေးနှင့် နည်းမျိုးစုံဖြင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ လျော့ချလာစေရေးတို့အတွက် လှုပ်ရှားဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ရည်မှန်းချက် ပန်းတိုင်၊ မိမိတို့သည် တရားမျှတမှု၊ ကျားမတန်းတူရေးနှင့် ငြိမ်းချမ်းမှုရှိပြီး ဒီမိုကရေစီထွန်းကားသော လူ့ဘောင်အဖွဲ့အစည်းသို့ ရှေ့ရှု၍ ဖွံ့ဖြိုးတိုးတက်မှု ကဏ္ဍအသီးသီးတွင် အမျိုးသမီးများ၏ ဘဝဖွံ့ဖြိုးတိုးတက်မြင့်မားရေးအတွက် စည်းရုံးလှုပ်ရှားဆောင်ရွက်နေသည့် တအာင်းအမျိုးသမီး အဖွဲ့အစည်း ဖြစ်သည်။

ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်လှုပ်ရှားဆောင်ရွက်ရေးအသင်းကို ထိုင်းနိုင်ငံနှင့် ရှမ်းပြည်တွင်း အခြေစိုက် လှုပ်ရှားဆောင်ရွက်နေကြသော ရှမ်းအမျိုးသမီးများမှ ၁၉၉၉ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် ဖွဲ့စည်းခဲ့သည်။ အသင်း၏ ဦးတည်ချက်မှာ မြန်မာနိုင်ငံအတွင်း နိုင်ငံရေးနှင့် လူမှုရေးပြောင်းလဲမှုများ ဖြစ်ပေါ်လာရေး လှုပ်ရှားမှုတွင် ရပ်ရွာ လူမှုအသိုင်းအဝိုင်းကို အခြေပြုသည့် လှုပ်ရှားဆောင်ရွက်မှုများ၊ သုတေသနပြုခြင်းများနှင့် စည်းရုံးလှုံ့ဆော်ရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းအားဖြင့် ကျား-မ တန်းတူညီမျှမှုနှင့် တရားမျှတမှုများကို အမျိုးသမီးများ ခံစားရရှိလာစေရေးဖြစ်သည်။ အသင်း၏ ရည်ရွယ်ချက်များမှာ အမျိုးသမီးအခွင့်အရေးများနှင့် ကလေးသူငယ်အခွင့်အရေးများကို မြှင့်တင်ပေးရန်၊ အမျိုးသမီးများနှင့် ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုနှင့် ခေါင်းပုံဖြတ်မှုများကို ဆန့်ကျင်ရန်၊ မိမိတို့၏ လူမှုအဖွဲ့အစည်းအတွင်း ငြိမ်းချမ်းရေးနှင့် လွတ်လပ်ရေးအတွက် အတူတကွ လက်တွဲဆောင်ရွက်ရန်၊ အမျိုးသမီးများ ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းရည်မြှင့်တင်ပေးရန်နှင့် သဘာဝအရင်းအမြစ်များနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ အသိအမြင်များ မြင့်မားလာစေရေးတို့ ဖြစ်သည်။